စောမြတ်သိန်း

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့်

## ကရင့်သက္ကရာဇ်

This is An Historic Day.
It is our first officially recognized National Day.
It is a day of opportunity.



This is An Historic Day.
It is our first officially recognized National Day.
It is a day of opportunity.
We are emerging from isolation into the Stream of national affairs.
Our conviction is that our two million Karens have a significant part to play in Burma's destiny.

Preamble: Where it is expedient to produce this for the recognition of the Karen' New Year Day; it is hereby enacted as follows:

1. Extent and Commencement

1. This act may be called "The Karen's New Year Day Recognition Act of 1937.

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့်
## ကရင့်သက္ကရာဇ်

စောမြတ်သိန်း

အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက်
လက်မှတ်ရေးထိုးတောင်းဆိုခဲ့သော

## ကရင်အမျိုးသား ခေါင်းဆောင်အမတ် (၁၂) ဦး

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုးကွယ်သည့်ဘာသာ | လူမျိုးနွယ် |
|---|---|---|---|---|
| ၁။ | စောဂျွန်ဆင်ဒီဖိုးမင်း | တောင်ငူ | မေတ္တာပြဟ္မစိုရ် | စကောကရင် |
| ၂။ | စောဆစ်ဒနီလူနီ | ပုသိမ်တောင်ပိုင်း | ခရစ်ယာန် | စကောကရင် |
| ၃။ | မန်းဘခိုင် | ပုသိမ်မြောက်ပိုင်း | ခရစ်ယာန် | ပိုးကရင် |
| ၄။ | စောဖေသာ | မြောင်းမြအနောက် | ခရစ်ယာန် | စကောကရင် |
| ၅။ | မန်းကံအေး | မြောင်းမြအရှေ့ | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၆။ | စောမြတ်သိန်း | ဟသ်ာတ | ဗုဒ္ဓဘာသာ | စကောကရင် |
| ၇။ | မန်းထွန်းခင် | မအူပင်မြောက် | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၈။ | မန်းရွှေညွှန့် | မအူပင်တောင် | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၉။ | စောသာဒွေး | သထုံမြောက် | ဗုဒ္ဓဘာသာ | စကောကရင် |
| ၁၀။ | ဦးလှဖေ | သထုံတောင် | ဗုဒ္ဓဘာသာ | ပအိုဝ့် |
| ၁၁။ | ဦးဖိုးမျှင် | ကျိုက်ခမီအရှေ့ | ဗုဒ္ဓဘာသာ | ပအိုဝ့် |
| ၁၂။ | စောဖိုးချစ် | ကျိုက်ခမီအနောက် | ခရစ်ယာန် | စကောကရင် |

ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသော

## ကရင်အမျိုးသား အထက်လွှတ်တော်အမတ် (၃) ဦး

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုးကွယ်သည့်ဘာသာ | လူမျိုးနွယ် |
|---|---|---|---|---|
| ၁။ | ဆာစံစီဖိုး | တောင်ငူ | ခရစ်ယာန် | စကောကရင် |
| ၂။ | မန်းရွှေဘ | တောင်ငူ | ခရစ်ယာန် | ပိုးကရင် |
| ၃။ | သရာစံဘော် | တောင်ငူ | ခရစ်ယာန် | စကောကရင် |

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော
လွှတ်တော်အမတ်များ၏ မျိုးနွယ်နှင့် ကိုးကွယ်မှုဘာသာအရ ပါဝင်ဆောင်ရွက်မှု

| စဉ် | မျိုးနွယ် | မေတ္တာပြဟ္မစိုရ် | ဗုဒ္ဓဘာသာ | ခရစ်ယာန် | ပေါင်း |
|---|---|---|---|---|---|
| ၁။ | ပအိုဝ့် | - | ၂ | - | ၂ |
| ၂။ | ပိုးကရင် | - | ၃ | ၂ | ၅ |
| ၃။ | စကောကရင် | ၁ | ၂ | ၅ | ၈ |
| | | ၁ | ၇ | ၇ | ၁၅ |

Source : ကရင့်ကြေးမုံ

# ကရင်အမျိုးသား နှစ်သစ်ကူးနေ့နှင့် ကရင့်သက္ကရာဇ်

ကရင်နှစ်သစ်ကူးနေ့ သလေး ထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်သည် ၁၉၃၈ ခုနှစ်တွင် ပေါ်ပေါက်လာ၏။ ဂေဇက်ဝင် နိုင်ငံတော် ရက်အားနေ့ဖြစ်၍ နိုင်ငံ တစ်ဝန်းလုံးရှိ ကျောင်းများ၊ ရုံးများ၊ အလုပ်ရုံများ၊ ဘဏ်တိုက်ကြီးများ ပိတ်ကြရ၏။

ပြည်သူလူထုအားလုံး ဝမ်းသာအားရဖြစ်၍ မဆုံးနိုင်ပေ။ နောင်လည်း ကရင် နှစ်သစ်ကူးပွဲတော်နေ့သည် နှစ်စဉ်လာဦးမည် ဖြစ်သောကြောင့် မင်္ဂလာ ကျက်သရေ ရှိသော နိုင်ငံတော်ရက်အား တစ်ရက်ပိုလာမည်ဖြစ်ရကား လုပ်သား ပြည်သူလူထု ကျောင်းသား ကျောင်းသူတို့ ဝမ်းမြောက်၍ မဆုံးနိုင်ပေ။ အချို့သော ကရင်အမျိုးသား တို့ကား မိမိတို့ အမွေအနှစ်ဖြစ်သည့် ပျောက်ကွယ် တိမ်မြုပ်နေသော နေ့ထူးနေ့မြတ်ကို ပြန်လည်ရရှိကြသဖြင့် မည်မျှပီတိဖြစ်သည်ကို စာအားဖြင့် ရေးသားဖော်ပြခြင်းငှာ မစွမ်း နိုင်ပေ။

ကရင်နှစ်သစ်ကူးနေ့နှင့် အတူတကွ ကရင်သက္ကရာဇ် ပါလာ၏။ ၎င်းသက္ကရာဇ် မှာ အံ့ဩဖွယ်ရာ ဖြစ်နေပေသည်။ ကမ္ဘာသုံးသက္ကရာဇ် ၁၉၈၀ ထက် အသက် ၇၃၉ နှစ် ကြီးနေရကား ကရင်လူမျိုးတို့သည် ကမ္ဘာအံ့ဖွယ်တစ်ခုကို တီထွင်လိုက်ခြင်း ဖြစ်နေ သည်ဟု ဆိုကြသည်။ အံ့ဩကြသည်။ ဟာသပြုကြသည်။ သို့သော် ဟာသပြုထိုက်၊ ဆိုထိုက်၊ အံ့ဩထိုက်ပေသည်။ တွေးလေ၊ တွေးလေ၊ ပို၍ပင် အံ့ဩဆန်းကြယ်လေပင် မဟုတ်ပါလော။

အကြောင်းစုံဆိုရသော် ...

ရက်များမကြာမီအတွင်းက မိတ်ဆွေများ၊ ခင်မင် ရင်းနှီးသူများ ရောက်လာ ကြသည်။ လာရသည့် အကြောင်းရင်းကား နှစ်သစ်ကူးနေ့နှင့် သက္ကရာဇ် အကြောင်းကို ဘယ်လိုလဲ၊ အံ့ဩစရာပဲ၊ တယ်ဆန်းကျယ်ပါလား၊ ရှင်းပြပါဦး ဆို၍ အသီးသီး မေးလာ ကြသည်။ သို့သော် နှုတ်မေး၊ နှုတ်ဖြေမျှသာ ဖြစ်ခဲ့သည်။ ကျေနပ်မှု ရှိသောကြောင့် ထူးထူးထွေထွေ ပြဿနာ မပေါ်ခဲ့ပေ။

ကရင်လူငယ်တစ်သိုက်လည်း အားရဝမ်းသာရှိလှသည်။ နှစ်သစ်ကူးနေ့ပွဲ စည်ကားရန်နှင့် နှစ်စဉ်ပိုမိုစည်ကား သိုက်မြိုက်စွာ ပြုလုပ်ရန် ကြိုးပမ်းကြသည်ကို တွေ့မြင်နေရသည်မှာ ဝမ်းမသာဘဲ မရှိနိုင်ပေ။ နှစ်စဉ် ပိုမိုစည်ကားစေရန် ကြိုးစား လျက်ပင်၊ ထို့ကြောင့်လည်း ပိုမိုစည်ကားလျက်ပင်တည်း။

သို့သော်ယခုအခါ ကရင်နှစ်သစ်ကူးနေ့ ပိုမိုစည်ကားရန် ပိုမိုထွန်းတောက်လာမည့်အစား မေးမိုန်စေသော အကြောင်းအရာတချို့ ပေါ်ပေါက်နေသည်။ ဗဟုသုတရှင် အချို့သည် ကရင်စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုရာမှ ကရင်နှစ်သစ်ကူးနေ့သည် ရှေးယခင်ကတည်းက ရှိခဲ့သလား။ ကရင်သက္ကရာဇ်ဟာ ယုံမှားစရာ ဝီစိကိစ္စာရှိစရာပဲလို့ မြည်လာပေသည်။ ထိုသို့ မြည်သံကား မကျယ်သေး။ ပို၍ မကျယ်မီ ယုံမှားသံသယ ကင်းစင်အောင် ဖြေရှင်းပေးရန် အလွန့်အလွန် အရေးကြီးလှပေသည်။

ကရင်နှစ်သစ်ကူးနေ့ ရွေးချယ်ခြင်းဆိုသည့် ကဏ္ဍမှာ ဇန်နဝါရီလ (၁) ရက်နေ့ ရွေးရမလား၊ ဆရာယုဒသန် ရောက်သောနေ့ကို ရွေးရမလား၊ ပြဿနာ ပေါ်ပေါက်သည်ဟု ဆိုထားပေသည်။ ရှေးကသာ ကရင်နှစ်သစ်ကူးနေ့ ရှိခဲ့ပါမူ ဤပြဿနာ မပေါ်နိုင်ပေ။ မရှိခဲ့၍သာ ဤပြဿနာ ပေါ်သည်ဟု ဗဟုသုတ ပညာရှင်တို့က ယူဆကြသည်။

ဤကဲ့သို့ တွေးထင်ကြသူများအား အပြစ်ဆိုစရာ မရှိပေ။ ဤပြဿနာ ရှိသမျှကာလပတ်လုံး ကရင်နှစ်သစ်ကူး ပွဲတော်နေ့၏ အရောင်အဝါသည် ပိုမိုထွန်းလင်းတောက်ပမှု မရှိနိုင်ပေ။ မေးမိုန်မှုဖက်သို့သာ ယိုင်အံ့။ ကျေနပ်လောက်အောင် သံသယမရှိလောက်အောင် ရှင်းလင်းဖို့ လိုပေသည်။

၁။ ပဲခူးနယ်၊ ဟသ်ာတနယ်၊ တောင်ငူနယ်များတွင် သလေး - ထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်နေ့၌ ရှေးအစဉ်အလာအရ ကရင်လယ်သမားများ နှစ်သစ်ကူးပွဲတော် ကျင်းပကြ၏ မစည်ကားလှပေ။ ကျင်းပသူများ အလွန်နည်းပါးကြသည်။ သို့သော် မကွယ်ပျောက်သေး။

၂။ ကရင်နှစ်သစ်ကူးနေ့ အသိအမှတ်ပြုရေး ၁၉၃၇ ခုနှစ် ဥပဒေကြမ်းတွင် ကရင် နှစ်သစ်ကူးနေ့မှာ သလေး ထိုင်ခုတ်ဖို လဆန်း ၁ ရက်နေ့၊ ၂ ရက်နေ့သည် ပြာသိုလဆန်း (၁) ရက်နှင့် (၂) ရက်တွင် ကျရောက်သည်ဟု ဆိုထားပေသည်။ (The Karen New Year Days fall on the 1st and 2nd days of Thalay Htaik Koppho according to Karen calendar corresponding with the 1st and 2nd waxing days of Pyatho) ဟု ပါရှိသဖြင့် Bill ဘီလ် ဥပဒေကြမ်းကို ဖတ်မိလျှင် မည်သည့်နေ့ကို ရွေးချယ်ရမည့်ပြဿနာ မပေါ်နိုင်ပေ။

သတိ - ကရင်နှစ်သစ်ကူးနေ့ ၂-ရက် တောင်း၏။ သို့သော် (၁) ရက်သာ ရ၏။

(က) မြေပြန့်ကရင် ပြာသိုလဆန်း (၁) ရက်၊ သလေး - ထိုင်ခုတ်ဖို (၁) ရက်နေ့တွင် ကျင်းပ၏။

(ခ) ဖာပွန်နှင့် အချို့တောင်ပေါ်ကရင်များ တပို့တွဲ လဆန်း (၁) ရက်နေ့တွင် ကျင်းပ၏။

(ဂ) ဖားအံမြို့နှင့် အခြားကျေးရွာ လဲကယ်ဘာသာဝင် ကရင်များ နယုန်လအတွင်း စနေနေ့ကျသော နေ့တစ်နေ့တွင် ကျင်းပ၏။

(ဃ) ဒုံရင်းနယ် လဲကယ်ဘာသာဝင် ကရင်များသည် တန်ဆောင်မုန်း လဆန်း ပထမ စနေနေ့မှာ ကျင်းပ၏။

(ကိုးကားချက် - တိုင်းရင်းသားရိုးရာယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(ကရင်) စာမျက်နှာ ၃၅၃-၃၅၄၊ စာပိုဒ် ၁-၂ က၊ ခ၊ ဂ၊ ဃ၊) အရ ကရင်နှစ်သစ်ကူးနေ့ ရှေးက ရှိခဲ့ဖူးကြောင်း ထင်ရှားလှ၏။ သံသယ ကင်းရှင်းစေရန် တင်ပြအပ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ ရောင်ဝါ နေသို့ ထွန်းစေသောဝ်။

## ကရင်နှစ်သစ်ကူးပွဲတော်နေ့ အသက်ဝင်လာပုံ

သေကာံမရောက် သက်မပျောက်ဆိုဘိသကဲ့သို့ ပျောက်ကွယ်လု သေလုဆဲဆဲတွင် ကရင်နှစ်သစ်ကူးပွဲတော်သည် တစ်ဖန်ပြန်လည်၍ အသက်ဝင်လာ၏။ ဟသ်ာတနယ်၊ တောင်ငူနယ်၊ ပဲခူးနယ်တို့မှ နှစ်သစ်ကူးပွဲတော်ကို မပျောက်မပျက်အောင် ထိန်းသိမ်းထားသော ကရင်လယ်သမားကြီးတို့ အားနည်းချည့်နဲ့နေသော ကရင်နှစ်သစ်ကူးနေ့ပွဲတော်ကို ရှေးကကဲ့သို့ စည်ကားလှအောင် ဖော်ထုတ်လိုကြ၏။ သူတစ်ခွန်း၊ ကိုယ်တစ်ခွန်း တစ်စတစ်စနှင့် နိုင်ငံတော်ရက်အားဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ရုံးများ၊ အလုပ်ရုံကြီးများ၊ ဘဏ်တိုက်ကြီးများ ပိတ်စေသော နိုင်ငံတော်ရက်အား ဖြစ်စေလို၏။

ကရင်နှစ်သစ်ကူးပွဲတော်သည် ရှေးပသဏီ နှစ်ပေါင်းများစွာက နှစ်ပေါင်း ၂၇၀၀ ကျော်လောက်ကပင် ကျင်းပခဲ့ကြ၏။ တစ်ခါတစ်ရံ မှေးမှိန်၍ တစ်ခါတစ်ရံ စည်ကားလှ၏။ အင်္ဂလိပ်ခေတ်တွင် ကံခေ၍ ကွယ်ပျောက်လုနီး ဆင်းရဲလှ၏။ စတိမျှသာ ကျင်းပသော ဘဝနှင့်ကြုံခဲ့ရ၏။ ဟသ်ာတ၊ ပဲခူး၊ တောင်ငူတွင် အလွန်နည်းလှသော အချို့ကရင် လယ်သမားတို့သည် ပြာသိုလဆန်း (၁) ရက်နေ့ နံနက် နေထွက်တပြူ၌ ကောက်ဦးစားပွဲ ကျင်းပကြ၏။ ပဲခူးဘုရင်မ ရှင်စောပု လက်ထက်က နှစ်သစ်ကူးပွဲ အလွန် စည်ကားကြောင်း နံနက် လက်ဖက်ရည်ကြမ်းဝိုင်းတွင် လူကြီးများ ပြောကြဆိုကြသည်ကို ငယ်စဉ်ကတည်းက ကြားသိခဲ့ရသည်။

## ကရင်နှစ်သစ်ကူးပွဲတော် ပြန်လည်ပေါ်ထွက်ရန် စတင်လာပုံ

နယ်များမှ ကရင်နှစ်သစ်ကူးပွဲတော်ကို ဖော်ထုတ်လိုသော အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ ကိုယ်စားလှယ် မင်းတိုင်ပင် အမတ်များကို ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံကြ၏။ တစ်ယောက်ကစ တစ်ရာဆိုဘိအလား ပျံ့နှံ့သွား၏။ မင်းတိုင်ပင်အမတ်၊ ကိုယ်စားလှယ်များမှာ နှစ်သစ်ကူးပွဲတော်ကိုဖော်ထုတ်ပေးရန် တာဝန်ယူကြရ၏။

## အမျိုးသားထု၏ဆန္ဒနှင့် ကရင်အမတ် ၁၂ ဦးတို့၏ ကြိုးပမ်းချက်

ဒေသအသီးသီးရှိ ကရင်လူထုတို့က မိမိတို့နှစ်စဉ် ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးပွဲတော်ကို သင်္ကြန်ပွဲတော်၊ ခရစ္စမတ်ပွဲတော်တို့ကဲ့သို့ အစိုးရ အသိအမှတ်ပြုပြည်ထောင်စု တစ်ဝန်းလုံးရှိ ရုံးများ၊ ကျောင်းများ၊ အလုပ်ရုံကြီးများ၊ ဘဏ်တိုက်ကြီးများ ပိတ်စေသော အများပြည်သူ အားလပ်ရက် နိုင်ငံတော်ရက်အားဖြစ်စေလိုကြသည်။ ၎င်းကို ဆောင်ရွက်ပေးပါရန် တောင်းဆိုလာကြရာ ကရင်အမျိုးသား ခေါင်းဆောင်များကလည်း မိမိတို့၏ သမိုင်းဝင်နေ့ ရရှိရန်အတွက် တာဝန်ယူ ကြိုးပမ်းလေတော့သည်။

## အမတ် ၁၂ ဦးတို့၏ ဆွေးနွေးချက်

လွှတ်တော်အတွင်းရှိ ကရင်အမတ် ၁၂ ဦးသည် အမှတ်(၂၅၃)၊ မောင်ဂိုမာရီလမ်း (ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းလမ်း) စောမြတ်သိန်း၏ တိုက်ခန်းတွင် နှစ်သစ်ကူးနေ့ကိစ္စကို တိုင်ပင်ဆွေးနွေးကြ၏။ အချို့အမတ်များသည် စိတ်မဝင်စားကြပေ။

အကြောင်းမှာ ကရင်နှစ်သစ်ကူးပွဲတော်သည် ခေတ်မမီဟု ယူဆကြသည်။ လာမည့် ၁၉၃၈ ခုနှစ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း(၁)ရက်သည် ဇန်နဝါရီလ(၁)ရက်နေ့တွင်သာ ကျ၏။ ၎င်းအပြင် နောင်လာမည့် နှစ်များတွင်လည်း ကရင်နှစ်သစ်ကူးနေ့သည် ခရစ်စမတ် ဒီဇင်ဘာ (၂၅) ရက်နေ့နှင့် ဇန်နဝါရီ (၁) ရက် ကမ္ဘာ့နှစ်သစ်ကူးနေ့ရက် ပတ်ဝန်းကျင်တွင်သာ လှုပ်ရှားနေ၍ ကရင်တို့ ပိုက်ဆံကုန်ပြီး လူပင်ပန်းမည်ဟု ဆို၏။

၎င်းအပြင် သင်္ကြန်သည် ကရင်ဗုဒ္ဓဘာသာများ၏ နှစ်ကူးရက် ဖြစ်သည်။ ခရစ်စမတ်နေ့လည်း ရှိသည်။ နယူးရီးယား မလိုပါဟု ဆိုလာကြသည်။

ပထမအကြိမ် ဆုံးဖြတ်ချက်မကျ၊ ဒုတိယအကြိမ်တွင် ဂျွန်ဆင်နှင့် စောမြတ်သိန်းတို့ လိုသလိုလုပ်ကြ ဟူ၍ ဆုံးဖြတ်ချက် ကျလာခဲ့သည်။

## ဆောင်ရွက်ပုံ

ဂျွန်ဆင်နှင့် မြတ်သိန်းတို့သည် လွှတ်တော်အတွင်းဝန်ကြီး မွန်ဝတ်လုံ ဦးဘဒွန်း (B.A. Bar at law) နှင့် ဆွေးနွေး၏။ လွှတ်တော်လုပ်ငန်းတွင် အကျွမ်းအကျင်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်၏။ "မင်းတို့ ကိစ္စက မလွယ်ဘူး။ အမတ်တစ်ဦးက ကန့်ကွက်လျှင် ခက်သွားမည်။ လွှတ်တော်အမတ် ၁၃၂ ယောက်ရှိ၍ မင်းတို့ ၁၂ ယောက် ရှုံးမှာပဲ" ဟု အားပေး ပြောကြားလိုက်သည်။

ထိုအခါ ဂျွန်ဆင်က "ဖြစ်နိုင်တဲ့လမ်းကိုရှာပြီး အကြံပေးပါ။ အကူအညီပေးပါ။ ညာဏ်ထုတ်ပါ"လို့ တိုက်တွန်း၏။ ဦးဘဒွန်းက "ငါတတ်နိုင်သလောက် ကူညီမယ်၊ မနက်ဖြန် လာပါ" ဟုဆို၏။ ချိန်းဆိုရက်တွင် ဦးဘဒွန်းက "လမ်းတော့ရှိတယ်၊ ဒါလည်း မလွယ်ဘူး"ဟု ဆိုပြီး အောက်ပါအတိုင်း ရှင်းပြ၏။

## ဥပဒေကြမ်း Bill သွားရိုးလမ်းစဉ်

၁။ Bill ရေး၊ မဲဖောက်၊ လွှတ်တော်တွင် တင်သွင်းသည်။

၂။ တင်သွင်းသည့်အခါ ကန့်ကွက်သူများလျှင် Bill သေ၏။

၃။ တင်သွင်း၍ရသော်လည်း အမတ်တစ်ဦးက ရွေးချယ်ကော်မတီသို့ပို့ရန် အကြံပေးနိုင်၏။ ပို့သော် တစ်နှစ်လောက် ကြာ၏။

၄။ ၎င်းမှ ပြန်လာသော် ဆွေးနွေးနိုင်သည်။ မဲရှုံးလျှင် Bill သေ၏။

၅။ အမတ်တစ်ဦးက ပြည်သူ့ထင်မြင်ချက် တောင်းဖို့ အကြံပေးနိုင်၏။ တောင်းက ၂ နှစ်လောက် ကြာနိုင်သည်။ ၎င်းမှ ပြန်လာလျှင် လွှတ်တော်တွင် ဆွေးနွေးရ၏။ မဲရှုံးလျှင် Bill သေ၏။

မဲနိုင်လျှင် -

၆။ အထက်လွှတ်တော်သို့ တက်ပြီး ၎င်းမှ -

၇။ ဘုရင်ခံထံသို့ ရောက်၏။ အင်္ဂလိပ် စီးပွားရေးကို မထိခိုက်လျှင် လက်မှတ်ထိုး၏။ Bill သည် ACT ဖြစ်လာ၏။

## ဥပဒေကြမ်း Bill ဖြတ်လမ်း

၁။ Bill ရေး မဲဖောက် တင်သွင်းသည်။

၂။ တင်သွင်းသည့်အခါ ကန့်ကွက်သူ မရှိအောင် မလွယ်ပါ။

၃။ ကန့်ကွက်သူ မရှိသော် ၃၊ ၄၊ ၅၊ ၆ အဆင့်ကို ကျော်လွှား၍ Governor in council ဘုရင်ခံနှင့် ဝန်ကြီးစုံညီအစည်းအဝေးတွင် ဝန်ကြီးများအားလုံး သဘောတူ၊ မေတ္တာရပ်ကာ လွှတ်တော်တွင် ကန့်ကွက်သူ မရှိသော် Bill ကို လက်မှတ်ထိုး၍ ACT ပြုနိုင်၏။ ACT ဖြစ်လျှင် ကရင်နှစ်သစ်ကူးနေ့သည် ဂေဇက်ဝင် နေ့တစ်နေ့ ဖြစ်လာသည်။

သွားရိုးသွားစဉ် လမ်းနှင့် မအောင်နိုင်၊ ကန့်ကွက်သူ မရှိအောင် စွမ်းနိုင်သလား ဟု မေး၏။ ကြိုးစားမယ် ဆိုပြီး Canteen စားသောက်ခန်းမသို့ သွားကြ၏။ ဆွေးနွေး၏။ အကြံရ၏။

## အကြံကောင်းလျှင်တစ်ချက်

ထိုစဉ်က လွှတ်တော်အမတ်များ လစာမရှိသေး။ လိုချင်ကြ၏။ မည်သူ တစ်ဦး တစ်ယောက်မှ လစာဥပဒေကြမ်းကို မတင်ရဲကြ။ ခဲပေါက်ခံရမှာ ကြောက်ကြသည်။ အကြံမှာ ဒို့ကရင်နှစ်သစ်ကူးပွဲ ဥပဒေကြမ်းကို တင်မည်။ မကန့်ကွက်လျှင် အမတ်လစာ ဥပဒေကြမ်းကို တင်မည်ဟု လက်တို့မည်။ ဒီလိုဆို ကန့်ကွက်သူ မရှိဖြစ်ပြီး ဒို့ကရင် နှစ်သစ်ကူးပွဲ အောင်ရမယ်လို့ တိုင်ပင်တယ်။

(၂)ဦး သဘောတူ လစာဥပဒေကြမ်းကို တင်မည်ဟု ခဲ(ဂဲ)ကို အရဲစွန့်ပြီး Challenge (စိန်ခေါ်) လိုက်တယ်။

စိန်ခေါ်ပြီးနောက် လွှတ်တော်စားပွဲခန်းတွင် မြတ်သိန်းနှင့် ဂျွန်ဆင် မျက်နှာ ပွင့်၏။ စားပွဲခန်းမထဲ ဝင်လျှင် စားပွဲတိုင်းက "ဂျွန်ဆင်၊ မြတ်သိန်း၊ လာပါ၊ ထိုင်ပါ၊ ကြိုက်တာ အော်ဒါလုပ်ပါ"ဟု ဖိတ်ခေါ် ခဲ့သည်။ စားသောက်ပြီးက "Members salary bill ကို တင်ပါ။ မကြောက်ပါနဲ့" လို့ တိုးတိုးအားပေးကြ၏။ Karens' New Year Day Bill ကို ဦးဘဒွန်းက ရေးပြီး ဂျွန်ဆင်က တင်၏။

## သခင်အောင်ဆန်းနှင့်တွေ့ဆုံပုံ

ဂျွန်ဆင်နှင့် မြတ်သိန်းတို့ Members salary bill တင်မယ်လို့ သတင်းပြန့်ပွားတယ်။ နှစ်ရက်ကြာမှ ဖေဘီယမ် ဦးဘခိုင်၊ ဒီးဒုတ်ဦးဘချိုတို့ ဖေဘီယမ်ပါတီ အတွင်းရေးမှူးတို့ ရောက်လာသည်။ ဦးဘခိုင်၊ စောမြတ်သိန်းတို့ အလွန်ရင်းနှီး၏။ "စောမြတ်သိန်း လာပါ" ဟု မိမိတိုက်ခန်းသို့ ခေါ်သွား၏။ ရောက်သော် သခင်အောင်ဆန်းနှင့် သခင်လှရွှေ တို့ကို တွေ့၏။ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကြသည်။

ပြီးတော့ သခင်အောင်ဆန်းက "စောမြတ်သိန်း Members salary bill တင်မယ်ဆို၊ ဟုတ်ရဲ့လား"ဟု မေး၏။

သိန်း - ဟုတ်တယ်၊ တင်မယ်။

ဆန်း - မတင်ပါနဲ့ဗျာ။

သိန်း - ဘာဖြစ်လို့လဲ။

ဆန်း - ဗမာ့လွှတ်တော်ကြီး သိက္ခာကျမယ်။

သိန်း - သိက္ခာမကျပါဘူး၊ လွှတ်တော်တိုင်းမှာ အမတ်တွေ လစာနဲ့ပဲ။

ဆန်း - သူတို့ယူတာ ယူပေါ့။ ကျွန်တော်တို့ အမတ်တွေ လစာမယူရင်ကောင်းမယ်။

သိန်း - မယူရင် မကောင်းဘူး၊ တိုင်းပြည်နာမယ်။

ဆန်း - ဘာဖြစ်လို့လဲဗျာ။

သိန်း - ဘတ်ဂျက်ငွေပို ရှိနေတယ်၊ လခမယူရင် ဒီငွေတွေကို အလကား မထားဘူး၊ Queen's Own Highlander စကော့တလန် တောင်ပေါ်စစ်သားတွေ ခေါ်ယူမယ်၊ ဘုရင်ခံလည်း စကောလောက် မျက်နှာရှိသွားမယ်၊ ခုလည်း King's Own Highlander ရှိနေပြီ။

ဆန်း - ဟုတ်ရဲ့လားဗျာ။

သိန်း - စဉ်းစားကြည့်လေ။

ဆန်း - (ခေါင်းကုတ်လျက်) ခက်တာပဲ၊ We are between the deep sea and the devil ဟု ပြော၏။

သိန်း - We are between the deep sea and the devil on one side and the green field on the either.

ဆန်း - ခင်ဗျားကတော့ လုပ်တော့မယ်၊ သခင်ကိုယ်တော်မျိုး ဟောပေးလို့ရတဲ့ မဲတွေ အလွဲသုံးစား မလုပ်ပါနဲ့။

သိန်း - စိတ်ချပါ၊ မလုပ်ပါဘူး။

ဆန်း - ဗျာ ... ခင်ဗျား Good တယ်ထင်ရင် Do သာ Do ပါ ဆို၏။

၎င်းနောက် ဦးဘခိုင်က လက်ဖက်ရည်နှင့် တည်ခင်းကျွေးမွေး၏။ ပြီးတော့ နှုတ်ဆက်၍ လူချင်းခွဲကြတော့၏။ ကရင်နှစ်သစ်ကူးနေ့ အသိအမှတ်ပြု ဥပဒေကြမ်းကို လွှတ်တော်သို့ ၂၃-၇-၃၇ နေ့တွင် ဂွန်ဆင် တင်၏။ ဦးဖိုးမျှင်က ထောက်ခံ၏။ စောမြတ်သိန်းက ကန့်ကွက်သူ မရှိအောင် ကြိုတင်၍ လှည့်လည်ကာ လက်တို့၏။

ဒါတောင်မှပဲ Mr.Leach (European Leader) က စကားပြောသေး၏။ Amendment ပြင်ဆင်ချက်ပါသည်။ စည်းကမ်းမကျပု ဆို၏။ ဥက္ကဋ္ဌကြီးက မင်း Bill ကို ကန့်ကွက်တာလား၊ ပြင်ဆင်ချက်ကို ကန့်ကွက်တာလားဟု မေးရာ ဂွန်ဆင်က You are right လို့ ပြောလိုက်ရာ Laughter ဖြစ်သွား၏။ ထိုအခါ Leach က Bill ကို မကန့်ကွက်ပါ။ မည်သူ Bill ကို ကန့်ကွက်မလဲဟု ဥက္ကဋ္ဌကြီးက မေးရာ လွှတ်တော်တစ်ခုလုံး ငြိမ်နေ၏။ ဤကား Victory အောင်ပွဲပေတည်း။

အဆင့် ၃၊ ၄၊ ၅၊ ၆၊ တို့ကို ကျော်လွှား၍ စောဖေသာ(အခွန်ဝန်ကြီး)က အနည်းငယ် လှုပ်ရှားရသည်မှာ ဘုရင်ခံနှင့် ဝန်ကြီးများစုံညီ အစည်းအဝေးတွင် ကရင်နှစ်သစ်ကူး Bill ကို လွှတ်တော်တွင် ကန့်ကွက်သူမရှိ။ ဝန်ကြီးများ အားလုံးလည်း သဘောတူသောကြောင့် Bill မှ ACT ဖြစ်ဖို့ လက်မှတ်ထိုးရန် မေတ္တာရပ်ခံ၏။ အသင့်ပင် ဘုရင်ခံလက်မှတ်ထိုး၍ ဥပဒေကြမ်းများ ဥပဒေဖြစ်သွား၏။

၁၉၃၇ ဒီဇင်ဘာလတွင် တာဝန်အရ ပြည်ထဲရေးဌာနက သလေး ထိုင်ခုတ်ဖို ပြာသိုလဆန်း ၁-ရက်သည် ဂေဇက်ဝင် နိုင်ငံတော်ရက်အား ဖြစ်သည်ဟု ကြေညာ၍ ရုံးများ၊ ကျောင်းများ၊ အလုပ်ရုံကြီးများ၊ ဘဏ်တိုက်ကြီးများကို နိုင်ငံတော်တစ်ဝန်းလုံး တွင် ပိတ်စေ၏။ သေလုဆဲဆဲ ဖြစ်နေသော ကရင်နှစ်သစ်ကူးပွဲနေ့သည် လှလှပပကြီး ထည်ဝါစွာ ပြန်လည် ထွက်ပေါ်လာ၏။ ၂၈-၇-၃၈ နေ့တွင် အမတ်လစာ ဥပဒေကြမ်း Members salary bill ကို ဂွန်ဆင်တင်၏။ ကန့်ကွက်သူမရှိ။ Bill သည် ACT အဖြစ် အလွယ်တကူ ဖြစ်သွားတော့သည်။ သူ့အကျိုးဆောင်၍ ကိုယ့်အကျိုးအောင်သော သာဓက တစ်ခုတည်း။

ကရင်နှစ်သစ်ကူးပွဲတော်နေ့ ရရှိခြင်း အဖြစ်မှန်ကို တင်ပြရခြင်း အကြောင်းမှာ တောင်းယူရသော နှစ်သစ်ကူးနေ့ မဟုတ်။ အခွင့်ကောင်း ရသော၊ ဉာဏ်ထုတ်၍ ခဲကို

စိန်ခေါ်ပြီး လွှတ်တော်တွင် မကြန့်ကြာ၊ သောင်မတင်၊ မကြာသော ရက်ပိုင်းကလေးနဲ့ ထိုက်ထိုက်တန်တန် ရရှိခဲ့ကြောင်းကို နောင်လာနောက်သားများ သိထိုက်လှသည်ဟု ယူဆ၍ တင်ပြအပ်ပါသည်။

## ကရင့်သက္ကရာဇ် (၃)မျိုး

ရှေးက သရေခေတ္တရာ ပြည်ကြီးတွင် ပျူ၊ ကမ်းယံ၊ သက်တို့ နေထိုင်ကြသည်။ ရှင်တော်ဗုဒ္ဓ ဂေါတမ ပရိနိဗ္ဗာန် စံယူသောအခါ ထိုနှစ်မှစ၍ ပျူ၊ ကမ်းယံ၊ သက်တို့၏ သက္ကရာဇ်ကို စတင်ရေတွက်ကြ၏။ နောင်သက္ကရာဇ် ၁၀၁ သို့ရောက်သော် ဒွတ်တဘောင် မင်းကြီးက ဦးဆောင်၍ ပျူ၊ ကမ်းယံ၊ သက်တို့၏ အလွန်ကြီးမားခမ်းနားလှသော သရေခေတ္တရာ နေပြည်တော်ကြီးကို တည်ထောင်ဖန်ဆင်းကြ၏။ အစဉ်အတိုင်း သက္ကရာဇ်ကို ရေတွက်လာရာ ၆၂၄-ခုသို့ ရောက်လာသောအခါ သမုန္ဒရီမင်းက ဒေါဒေါရသကိန်းအရ ၆၂၂-နှစ်ကိုဖြို၍ အကြွင်း ၂-ခုထားပြီး ရေတွက်စေ၏။

သက္ကရာဇ်ဖြိုရာတွင် ကမ်းယံတို့ သဘောမတူ၊ မဖြိုဘဲ ဆက်လက်၍ ရေတွက်ကြ၏။ နှစ်များမကြာမီ သရေခေတ္တရာ ပြည်ကြီးအတွင်းသို့ စကောတစ်ချပ် လေကြမ်း တိုက်ပြီး လွင့်ကာရောက်လာသည်ကို ထိတ်လန့်တကြား ဖြစ်ပြီး အုပ်မရ၊ ထိန်းမရ ဖြစ်ကာ သရေခေတ္တရာ ပြည်ကြီး ပျက်စီးလေတော့သည်။ လူထုသည်လည်း ဤတွင် အုပ်စုသုံးစု ကွဲသွားတော့သည်။

ပျူတို့မှာ အထက်အညာသို့ ပြောင်းရွှေ့၍ ယုန်လွှတ်၊ ပုဂံပြည် စသည်တို့ကို တည်ထောင်ကြ၏။ ဖြိုသက္ကရာဇ်ကို ပျူတို့ယူဆောင်သွားကြသည်။ သက်တို့မှာ အရှေ့ အရပ်သို့ ရွှေ့ပြောင်းသွားကြ၏။ ကမ်းယံတို့မှာ နေမြဲဖြစ်သော သရေခေတ္တရာတွင် ဆက်လက်၍ နေထိုင်ကြ၏။ မရွှေ့ပြောင်း ကြချေ။

ပုဂံပြည်တွင် ဖြိုသက္ကရာဇ် ၅၆၄-သို့ ရောက်သောအခါ ပုပ္ပါးစောရဟန်းမင်း လက်ထက် ခဆပဥ္စကိန်းအရ၅၆၂-နှစ်ကို ဖြို၏။ အကြွင်း ၂-ကို ထားကာ ရေတွက်ပြန်၏။ ကမ်းယံတို့ကား ပုဂံတွင် ဒုတိယအကြိမ် သက္ကရာဇ်ဖြိုသော်လည်း ဆက်လက်၍သာ ရေတွက်၏။ ယခုအခါ ကောဇာ သက္ကရာဇ်မှာ နှစ်ကြိမ်ဖြိုပြီးသော သက္ကရာဇ် ၁၃၄၂ ဖြစ်၏။ ကမ်းယံသက္ကရာဇ်နှင့် ယခုရေတွက်နေသော ကောဇာသက္ကရာဇ်မှာ ရှင်တော်ဗုဒ္ဓ ဂေါတမ ပရိနိဗ္ဗာန် စံယူတော်မူသည့် နှစ်မှစ၍ ရေတွက်သောကြောင့် မူရင်းမှာမခြား၊ အတူတူပင်ဖြစ်သည်။

ခြားနားသည်မှာ ကမ်းယံသက္ကရာဇ်က မဖြို၊ ကောဇာ သက္ကရာဇ်က ပထမ အကြိမ် ၆၂၂-နှစ်၊ ဒုတိယ အကြိမ် ၅၆၂-နှစ်၊ နှစ်ပေါင်း ၁၁၈၄-နှစ်ဖြိုသော သက္ကရာဇ်သာ ဖြစ်သည်။ ပိုမိုရှင်းလင်းသွားစေရန် ဇယားဖြင့် အောက်တွင် ဖေါ်ပြထားသည်။

## ကမ်းယံသက္ကရာဇ်

၁။ ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံယူသည့်နှစ်က စ၏။

၂။ သက္ကရာဇ် ၁၀၁ ခုတွင် သရေခေတ္တရာပြည်ကြီး တည်ထောင်၏။

၃။ ကမ်းယံတို့ မဖြို၊ ဆက်လက်ရေတွက်၏။

၄။ ကမ်းယံတို့ မဖြို၊ ဆက်လက်ရေတွက်၏။

၅။ ယခု ကမ်းယံသက္ကရာဇ် ၁၃၄၂ + ၆၂၂ + ၅၆၂ - ၄ = ၂၅၂၂ ခု

## ကောဇာသက္ကရာဇ်

၁။ ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်ယူသည့်နှစ်ကစ၏။

၂။ သက္ကရာဇ် ၁၀၁ ခုနှစ်တွင် သရေခေတ္တရာပြည်တည်၏။

၃။ သက္ကရာဇ် ၆၂၄ ခုတွင် သုမုန္ဒရီမင်း၊ ၆၂၂ ခုဖြို၏။ ၂ ကြွင်းထား၏။

၄။ ဖြို သက္ကရာဇ် ၅၆၄ ပုဂံတွင် ပုပ္ပါးစောရဟန်း ၅၆၂ ဖြို၏။ ၂ ခု အကြွင်းထား၏။

၅။ ယခု ကောဇာသက္ကရာဇ် ဖြိုသက္ကရာဇ် ၁၃၄၂ ခုဖြစ်၏။

ထူးကြီးဝေဠုဝန် ဆရာတော်ကြီး ဦးတေရိန္ဒမှာ ပရိယတ္တိ၊ ဘာသန္တရ၊ ဒေသန္တရ ပြောင်မြောက်အောင်တတ်တဲ့ ကရင်ဆရာတော်ကြီး ဖြစ်၏။ ယမ်းကံဟာ ကရင်ပဲကွ။ ကရင်အစ အင်းမ ကတဲ့။ ရှေးကမ်းယံလို့ခေါ်တဲ့ လူမျိုးကို အင်းမအရပ်က (ပြည်မြို့ တောင်ဘက်မှာ ရှိ၏) စတင်ပြီး ကရင်လို့ ပြောင်းလဲခေါ် ဝေါ်တယ်။ ကမ်းယံသက္ကရာဇ် ဟာ ကရင်သက္ကရာဇ်ပဲ။ မှတ်ထားပါဟု မိန့်ကြား၏။

ထိုအခါ ဆရာတော်ကြီးသည် ကရင်ဖြစ်၍ တော်ပေသေးသည်ဟု မိတ်ဆွေ အချို့နှင့်တကွ အထင်မှားမိ၏။ ယခုမှာမူကား ကမ်းယံတို့ ကရင်ဖြစ်ကြောင်း သံသယ မရှိ။ အကြောင်းမူကား ရှေးအခါက မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပျူ၊ ကမ်းယံ၊ သက် ဟူသော လူမျိုးသုံးမျိုးအနက် ကမ်းယံဟု ခေါ်သော လူမျိုးအမည်မှ ကရင်ဟူသော

အမည်သို့ ပြောင်းလဲခေါ် ဆိုလာသော အမည်ဖြစ်သည်ဟု ဆာအာသာဖယ်ရာက တင်ပြခဲ့သည်။ (စာမျက်နှာ ၁၀ ပြည်ထောင်စု မြန်မာနိုင်ငံ ရိုးရာယဉ်ကျေးမှု – ကရင်) (Sir Arthur Phayer. Translations of Ethnological Society vol:V)

၁၉၆၁-ခုနှစ် မြန်မာနိုင်ငံရှေးဟောင်း ကမ္ဘည်းကျောက်စာ သုတေသန အစီရင်ခံစာတွင် ကရင်လူမျိုးများအား မြန်မာ့သမိုင်းများ၌ ဖော်ပြခဲ့ကြသော ကမ်းယံလူမျိုးများနှင့်လည်းကောင်း ယူနန်နယ်ရှိ ယောင်နှင့် မြောင်လူမျိုးများနှင့်လည်းကောင်း၊ မျိုးနွယ်ဆက်သွယ်ကြောင်း ဖော်ပြပါရှိသည်။ (စာမျက်နှာ ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံ ရိုးရာဓလေ့ ထုံးစံများ – ကရင်)

၁၉၃၇-နှစ် ကရင်သက္ကရာဇ် အကြောင်း ဆွေးနွေးစဉ်အခါက စာမျက်နှာ ၁၀၊ ၁၆ အကိုးအကားကို မသိရသေးသဖြင့် ကရင်ဆရာတော်ကြီး ဦးတေရိန္ဒအား ထင်မြင်မှုပေါ့ခဲ့သည်။ ထို့အတွက် လက်ဆယ်ဖြာ ဦးထိပ်တင်၍ ကန်တော့ပါ၏။

ထိုစဉ်က အထက်ပါ အကိုးအကားနှစ်ခုကို သိခဲ့ပါမူ မိတ်ဆွေအမတ် ၁၂ ယောက်တို့ ကမ်းယံသက္ကရာဇ်ဟု ဆုံးဖြတ်မည်ဟု သံသယရှိစရာမလိုပါ။ ဤကားရှေးက ကရင်သက္ကရာဇ် ရှိခဲ့ကြောင်းပါ။

တရုတ်ပြည် အနောက်ပိုင်းရှိ ကြီးမားသော တောင်ကြီးများ ဝန်းရံလျက်ရှိသည့် ကုန်းပြင်မြင့် ငွေတောင်ပြည်မှ ကရင်တို့ ရွှေ့ပြောင်းလာခဲ့ ကြ၏။ ထီးဆဲမဲ့ယွား ခေါ်သည့် သဲမြစ်ကြီးကို ဖြတ်ကူးပြီး တဖြည်းဖြည်း ယူနန်ပြည်သို့ ဆိုက်ရောက်လာကြ၏။ ထိုယူနန်ပြည်တွင် နှစ်ပေါင်းများစွာ နေထိုင်ကြသည်။ ပထမအသုတ် အချို့ကရင်များ ယူနန်ပြည်မှ ဘီစီ ခမ ၁၁၂၈ တွင် ရွှေ့ပြောင်းလာ၏။ တပိန်၊ မြစ်ငယ်၊ ဧရာဝတီ အတိုင်း စုန်ဆင်း၏။ အချို့သံလွင်မြစ်အတိုင်း စုန်ဆင်း၏။ ဗမာပြည်သို့ ဘီစီ ခမ ၁၁၂၅ တွင် ရောက်၏။ ဒုတိယအသုတ် ဘီစီ ခမ ၇၄၁ တွင် ယူနန်ပြည်မှ ထွက်ခဲ့၏။ ဘီစီ ခမ ၇၃၉ တွင် ဗမာပြည်သို့ ဆိုက်ရောက်ကြ၏။ (သုတေသီဆရာ ဦးအောင်လှ၊ ပါဠိဆရာကြီး ဦးစော၊ ဦးကျော်ဖံ – ကသာ၊ ဦးဖိုးတုတ် – ပညာအုပ်)

ပထမအသုတ် ကရင်များ၊ ဗမာပြည် ရောက်သောအခါ လယ်ယာ စိုက်ပျိုးကြ၏။ နှစ်အတော်ကြာသော် မှန်မှန် စိုက်ပျိုးနိုင်၏။ အခြေနေကောင်းမွန်လာ၏။ ထိုအခါ ဝမ်းသာအားရ ကောက်ဦးစားပွဲကို ကျင်းပကြ၏။ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယ အကြိမ်၊ စသည်ဖြင့် ရေတွက်ရာမှ ကောက်ဦးစားပွဲ သက္ကရာဇ် ပေါ်လာ၏။ ဒုတိယ အသုတ် ထိုနည်းတူ လယ်ယာစိုက်ပျိုး၏။ ကောက်ဦးစားပွဲကျင်းပပြီး သက္ကရာဇ်ပေါ်လာ၏။ ပထမအသုတ်မှာ ရှေ့ကဖြစ်၍ ပင်လယ်နှင့်နီးသော အရပ်သို့တိုင်အောင်

ချီတက်ကြ၏။ ဒုတိယအသုတ်မှာ နောက်မှဖြစ်၍ ပင်လယ်နှင့် အနည်းငယ်လှမ်းသော နေရာများတွင် နေထိုင်ကြ၏။ ထိုခေတ်က ကူးလူးဆက်ဆံ သွားလာရေး မလွယ်ကူသော ကာလဖြစ်၍ သက္ကရာဇ် မတူကြ။ နှစ်မျိုးဖြစ်နေ၏။

ငယ်စဉ်က ပဲခူးနယ် တောင်ပိုင်း ကရင်လယ်သမားကြီးများက ပြာသိုလဆန်း ၁ ရက်နေ့တွင် ကောက်ဦးစားပွဲ ပြုလုပ်ကြ၏။ နံနက်စောစောတွင် အဘိုးတို့ ဘကြီးတို့ သူတို့၏ မိတ်ဆွေ ရွှေကျင်မှ ပြောင်းလာသူ ရွှေပွင့်ဝါ (ထူးဖောပါ) တို့နှင့် နှစ်သစ်ကူး အကြောင်း ပြောဆိုဆွေးနွေးကြ၏။ အားပါးတရ စိတ်အားထက်သန်စွာ ပြောကြ၏။ သက္ကရာဇ် အကြောင်းလည်း ပါ၏။ ပဲခူး တောင်ပိုင်းသက္ကရာဇ်မှာ ရွှေကျင်က ပါလာသော သက္ကရာဇ်ထက် နှစ် (၃၁၀) ကြီးတယ်လို့ ပြောသံကြားဖူးသည်။ ၁၉၃၇ ခု ကရင်ပြည် ပြဿနာ ပေါ်ပေါက်လာသောအခါ ဘကြီးများ၏ သက္ကရာဇ်မှာ (၂၇၉၉)ခု ရှိနေ၏။ (၂၈၀၀) ပြည့်ရန် တစ်နှစ်လိုသောကြောင့် မှတ်မိ၏။ ရွှေကျင်သက္ကရာဇ်က (၃၁၀) နှစ်ငယ်နေသည်။ ၎င်းကို ဂျွန်ဆင်အားပြရာ ဟုတ်တယ် ဒို့တောင်ငူသက္ကရာဇ်နဲ့တူတယ် ဟုဆို၏။

သက္ကရာဇ်အတွက် ကရင်အမတ် (၁၂) ယောက် စည်းဝေးပွဲလုပ်ရာတွင် ဘယ်လိုလုပ်ကြမလဲ၊ (၂)မျိုးဖြစ်နေသည်။ ဤအတွက် ဖြေရှင်းဖို့ လိုလေသည်။

သာဓကမှာ Pritured Encyclopedia ခရစ်တော်လွန်ပြီး နောက် အနှစ် (၂၀၀) အတွင်း ခရစ်တော်မွေးနေ့ မေလ၊ ဧပြီလ၊ ဇန်နဝါရီလ ဟူ၍ ကွဲပြားနေသည်။ အေဒီ (၃၀) လောက်မှာ ဒီဇင်ဘာလ (၂၅) ရက်အတွင်း ကျင်းပ၏။ အများသဘောတူညီချက်အရ ဒီဇင်ဘာလ (၂၅) ရက်နေ့ မဖြစ်နိုင်ကြောင်း အကြောင်းပြ၏။ သို့သော် အကြီးအကဲများ သဘောတူ ဆုံးဖြတ်၍ အားလုံး ရိုသေလေးစားစွာ လိုက်နာ၍ ကျင်းပကြ၏။

Pritured Encyclopedia; We know that this could hardly have happened in December because it rams almost containously at the time of the year in Palestine and shepherds would no keep their flocks out in the hills at night in such weather.

ခရစ်စမတ် ကမ္ဘာ့သာဓကကိုယူ၍ တောင်ပိုင်းကရင်သက္ကရာဇ်နှင့် မြောက်ပိုင်း ကရင်သက္ကရာဇ်ကို ဖြေရှင်းကြ၏။ တောင်ပိုင်း သက္ကရာဇ်မှာ ဘီစီ(၇၃၉)မတိုင်မီက စ၏။ ဘာက်မလိုက်ဘဲ ကြားချပြီး ဘီစီ ၇၃၉ မှစ၍ ကရင်သက္ကရာဇ်ကို ရေတွက်ဖို့ စဉ်းစား၏။ အမတ်တစ်ဦးက "ဒို့သက္ကရာဇ်ကို ပြင်နိုင်သလား"ဟု ဆို၏။

သမုန္ဒရီမင်း၊ ပုပ္ပါးစောရဟန်းမင်း၊ ခရစ်စမတ်လူကြီးများ အများကောင်းကျိုး အတွက် ဖြူစင်သော စိတ်ထားဖြင့် ပြုပြင်ခဲ့၏။ ဒို့အမတ် (၁၂) ဦးလည်း ကရင်လူမျိုးများကို ကိုယ်စားပြုသူများဖြစ်၍ ဤသက္ကရာဇ်(၂)ခုကို ကြားချနိုင်သည်ဟု တစ်ညီတစ်ညွတ်တည်း ယူဆကာ အားလုံး Veto ဗီတို အာဏာသုံးမှုကြောင့် ယခုကရင်သက္ကရာဇ်ကို ဘီစီ (၇၃၉) မှ စ၍ ရေတွက်ကြသည်။

ထို့ကြောင့် ရှင်းပြချက်မပါလျှင် ဗဟုသုတရှိသူများက ဘီစီ(၇၃၉)ကို ကရင်သမိုင်းမှတ်တိုင်တစ်ခု ဟူ၍သာ လက်ခံနိုင်၏။ ကရင်သက္ကရာဇ် စသည့်နှစ်ဟု လက်မခံနိုင်ချေ။ သက္ကရာဇ်၏ ဂုဏ်အင်္ဂါလက္ခဏာလည်းမရှိ၊ ဗဟုသုတရှင်များ၏ ယူဆချက်ကိုလည်း အပြစ်မဆိုနိုင်ပေ။ ကမ်းယံသက္ကရာဇ်၊ ကရင်သက္ကရာဇ် ၂၅၂၂၊ ကောက်ဦးစားပွဲ ကရင်သက္ကရာဇ် ၂၇၂၀ ဖြစ်ကြောင်း ဗဟုသုတရှင်များ သံသယမရှိစေရန် ကျေကျေနပ်နပ်နှင့် လက်ခံရန် တင်ပြအပ်ပါသည်။

ကရင်သက္ကရာဇ် ရောင်ဝါနေသို့ ထွန်းစေသော်ဝ်။

"ယုတ္တာ ယုတ္တိ ဆင်ခြင်ညှိသော်၊ ဝီစိကိစ္စာ၊ မရှိရတည့်(ရှိဖွယ်ရာတည့်)

ထုံးရာဇဝင် သင်သေတင်၍၊ ဆင်ခြင်နှောင့်နှေး

ကာလဝေးခဲ့....။ နှစ်ပေါင်း ၃၀၀၀ မျှကိစ္စ။"

ဆရာကြီးစောမြတ်သိန်း


လွှတ်တော်အမတ်

၂၇၄၁ ခုနှစ် ကရင့်ကြေးမုံစာစောင်မှ ကူးယူဖော်ပြပါသည်။

အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက်
လက်မှတ်ရေးထိုးတောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်မင်းများ


စောဂျွန်ဆင်ဒီဖိုးမင်း


စောဆစ်ဒနီလူနီ


မန်းဘခိုင်


စောဖေသာ


မန်းကံအေး


စောမြတ်သိန်း


မန်းထွန်းခင်


မန်းရွှေညွန့်



စောသာဒွေး


ဦးလှဖေ



ဦးဖိုးမျှင်


စောဖိုးချစ်


အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက်
ပူးပေါင်းကူညီခဲ့သော အထက်လွှတ်တော်အမတ်မင်းများ


စံစီဖိုး



မန်းရွှေဘ


သရာစံဘော်

## အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်မင်းများ


စောဂျွန်ဆင်ဒီဖိုးမင်း


စောဆစ်ဒနီလူနီ


မန်းဘခိုင်


စောဖေသာ


မန်းကံအေး


စောမြတ်သိန်း


မန်းထွန်းခင်


မန်းရွှေညွန့်


စောသာဒွေး


ဦးလှဖေ


ဦးဖိုးမျှင်


စောဖိုးချစ်

## အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် ပူးပေါင်းကူညီခဲ့သော အထက်လွှတ်တော်အမတ်မင်းများ


စံစီဖိုး


မန်းရွှေဘ


သရာစံဘော်